# ပို့ဆောင်ရေးဝန်ကြီးဌာန
# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
# နေပြည်တော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

စိုက်ပျိုးရေး
မိုးလေဝသ
ဌာနခွဲ












၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရေချိန်များပြပုံ (မီလီမီတာ)

## ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများပေါ် မူတည်၍ စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသအချက်အလက်များ အကျဉ်းချုပ်ကို အောက်ပါအတိုင်းဆန်းစစ် ဖော်ပြအပ်ပါသည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ခဲ့ပါသည်။

### မိုးရွာသွန်းမှုအခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ- ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်ခန့်သာရှိခဲ့ပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ပျမ်းမျှမိုးရေချိန်တို့ထက် ပိုခဲ့ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့အောက်လျော့နည်းခဲ့ပါသည်။

***မိုးရွာရက်များအနေဖြင့်-*** မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်မြို့)နှင့် တနင်္သာရီတိုင်းဒေသကြီး(မြိတ်မြို့)တို့တွင် (၇)ရက်စီ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး(မင်္ဂလာဒုံမြို့)၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း(သာယာဝတီမြို့)၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း(ရွှေကျင်မြို့)၊ ဧရာဝတီတိုင်းဒေသကြီး(ဟင်္သာတမြို့)နှင့် ချင်းပြည်နယ်တို့တွင် (၅)ရက်မှ (၆)ရက်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်(သထုံမြို့၊ ရေးမြို့)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၃)ရက်မှ (၄)ရက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း(ကလေးမြို့)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်(မချမ်းဘောမြို့)၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၁)ရက်မှ (၂)ရက် မိုးထစ်ချုန်းရွာသွန်းခဲ့ပါသည်။

### အမြင့်ဆုံးအပူချိန်အခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ***(နေ့အပူချိန်)*** အခြေအနေများမှာ- စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် အောက်တိုဘာလ (ဒုတိယ) ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်တို့ထက် (၅)ဒီဂရီဖာရင်ဟိုက်စီ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ပါသည်။

## အနိမ့်ဆုံးအပူချိန်အခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ***(ညအပူချိန်)*** အခြေအနေများမှာ– ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အောက်တိုဘာလ (ဒုတိယ) ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့ထက် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ ကချင်ပြည်နယ်တွင် အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်အောက် (၅)ဒီဂရီဖာရင်ဟိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် (၃)ဒီဂရီဖာရင်ဟိုက်စီနှင့် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

## လေထုအတွင်းရေငွေ့ပါဝင်မှုအခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ***(လေထုစိုထိုင်းဆ)*** အခြေအနေများမှာ- ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၇၂%)မှ (၇၉%)အတွင်းနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၈၀%)မှ (၈၇%)အတွင်း အသီးသီးရှိခဲ့ပါသည်။

## ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ***(ပင်ငွေ့ရေငွေ့ပျံနှုန်း)*** အခြေအနေများမှာ- ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၂၄ မီလီမီတာ)မှ (၃၂ မီလီမီတာ)အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၃၃ မီလီမီတာ)မှ (၄၁ မီလီမီတာ)အတွင်း အသီးသီးရှိခဲ့ပါသည်။

*(ဖြစ်နိုင်ခြေရှိသော ပင်ငွေ့ရေငွေ့ပျံနှုန်းအား* **HARGREAVES METHOD** *ဖြင့် တွက်ချက်ထားပါသည်။)*

## မြေဆီလွှာအောင်းရေအခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ***(မြေဆီလွှာစိုစွတ်မှု)*** အခြေအနေများမှာ- ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့်မြောက်ပိုင်းတို့တွင်(ခြောက်သွေ့)အခြေအနေ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (စိုစွတ်) အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိခဲ့ပါသည်။

## ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ် ဖြစ်ပေါ်နိုင်ပြီး (၁) ကြိမ်တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

## မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်ပါသည်။

## မိုးရွာရက်

မိုးရွာရက်အနေဖြင့်- စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၁ ရက်မှ ၄ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီ၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၅ ရက်မှ ၈ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် အောက်တိုဘာလပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် (သို့မဟုတ်) ၃၅ ဒီဂရီဖာရင်ဟိုက်နှင့်အထက်ပိုနိုင်ပြီး ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် အောက်တိုဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

## ညအပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အောက်တိုဘာလပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် (သို့မဟုတ်) ၃၅ ဒီဂရီဖာရင်ဟိုက်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

**စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ**

**နောက်ဆက်တွဲ(က)**

## ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆနှင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေနှင့် ပျမ်းမျှမှကွာဟချက်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | မိုးရေချိန် | ပျမ်းမျှကွာဟချက် | မိုးရွာရက် | အမြင့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်) | | အနိမ့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်) | | စိုထိုင်းဆ(%) | | ပင်ငွေ့ ရေငွေ့ပျံနှုန်း(မမ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | (မမ) | (%) | | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၀ | -၁၀၀ | ၀ | ၉၃ | ၄.၇ | ၆၆ | -၄.၈ | ၇၂ | -၁၂.၉ | ၄၁ | ၁၄.၁ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၂၂ | -၆၆ | ၅ | ၇၄ | ၃.၂ | ၅၃ | -၁.၇ | ၈၅ | -၈.၀ | ၂၄ | ၈.၀ |
| ၃။ | ရှမ်းပြည်နယ် (မြောက်) | လားရှိုး | ၁၅ | -၅၉ | ၃ | ၈၉ | ၃.၆ | ၆၉ | ၂.၂ | ၈၆ | ၀.၂ | ၂၉ | ၁.၉ |
| ၄။ | ရှမ်းပြည်နယ် (တောင်) | တောင်ကြီး | ၆၀ | -၁၀ | ၄ | ၇၈ | ၁.၀ | ၆၃ | ၁.၆ | ၇၆ | -၃.၂ | ၂၈ | ၁.၂ |
| ၅။ | ရှမ်းပြည်နယ် (အရှေ့) | ကျိုင်းတုံ | ၉ | -၇၁ | ၂ | ၈၉ | ၄.၃ | ၆၇ | ၁.၄ | ၈၄ | -၀.၄ | ၃၂ | ၃.၅ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၄၁ | ၁၁ | ၂ | ၈၇ | ၂.၅ | ၆၅ | -၁.၁ | ၈၅ | ၁.၁ | ၃၁ | ၂.၃ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၃၈ | -၃၅ | ၃ | ၉၇ | ၃.၂ | ၇၅ | -၀.၁ | ၈၀ | -၂.၉ | ၄၀ | ၅.၅ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၀ | -၈၁ | ၂ | ၉၅ | ၄.၂ | ၇၆ | ၁.၃ | ၇၉ | ၀.၆ | ၃၇ | ၃.၈ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၃ | -၉၇ | ၁ | ၉၂ | ၃.၁ | ၇၇ | ၂.၅ | ၈၅ | -၂.၀ | ၂၉ | ၂.၇ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၄၇ | ၁၆ | ၅ | ၉၅ | ၂.၉ | ၇၅ | ၀.၉ | ၈၂ | ၀.၀ | ၃၅ | ၁.၅ |
| ၁၁။ | မန္တလေးတိုင်း ဒေသကြီး | မန္တလေး | ၁၁ | -၇၆ | ၄ | ၉၄ | ၁.၅ | ၇၇ | ၁.၂ | ၇၉ | -၀.၂ | ၃၄ | ၁.၀ |
| ၁၂။ | စစ်ကိုင်းတိုင်း ဒေသကြီး(အထက်) | ဟုမ္မလင်း | ၀ | -၁၀၀ | ၀ | ၉၄ | ၄.၆ | ၆၈ | -၂.၈ | ၇၉ | -၈.၅ | ၃၈ | ၁၀.၅ |
| ၁၃။ | စစ်ကိုင်းတိုင်း ဒေသကြီး(အောက်) | မုံရွာ | ၅ | -၁၀၀ | ၁ | ၉၄ | ၂.၁ | ၇၆ | ၁.၅ | ၇၉ | -၅.၄ | ၃၄ | ၄.၄ |
| ၁၄။ | မကွေးတိုင်း ဒေသကြီး | မကွေး | ၆၆ | ၄၉ | ၃ | ၉၅ | ၂.၆ | ၇၅ | ၃.၅ | ၇၈ | -၅.၀ | ၃၇ | ၃.၅ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၈၇ | ၅၂ | ၂ | ၉၅ | ၃.၈ | ၇၅ | ၁.၅ | ၈၇ | ၃.၂ | ၃၁ | ၀.၆ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၃၅ | -၂၀ | ၄ | ၉၄ | ၃.၁ | ၇၅ | ၀.၆ | ၈၅ | ၁.၇ | ၃၂ | ၁.၇ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၁၅ | -၆၂ | ၃ | ၉၄ | ၁.၆ | ၇၅ | -၀.၄ | ၈၇ | ၃.၃ | ၃၁ | -၀.၄ |
| ၁၈။ | ရန်ကုန်တိုင်း ဒေသကြီး | ရန်ကုန် | ၉၂ | ၂၇ | ၃ | ၉၃ | ၁.၆ | ၇၆ | ၂.၆ | ၇၈ | -၄.၂ | ၃၅ | ၂.၃ |
| ၁၉။ | ဧရာဝတီတိုင်း ဒေသကြီး | ပုသိမ် | ၂၆ | -၅၇ | ၄ | ၉၃ | ၂.၂ | ၇၂ | -၃.၂ | ၈၀ | -၅.၅ | ၃၇ | ၈.၁ |
| ၂၀။ | တနင်္သာရီတိုင်း ဒေသကြီး | ထားဝယ် | ၈၃ | ၁၆ | ၆ | ၉၆ | ၅.၄ | ၇၅ | ၂.၄ | ၈၅ | ၁.၃ | ၃၅ | ၃.၃ |

**မိုးရေချိန်(-၂၀%)နှင့် (+၂၀%)အကြားရှိပါက ပျမ်းမျှခန့်ဟု သတ်မှတ်ပါသည်။**

**၂၄နာရီအတွင်း ရွာသွန်းသော မိုးရေချိန် (၂မီလီမီတာနှင့်အထက်) မိုးရွာရက်(၁)ရက်ဟုသတ်မှတ်ပါသည်။**

**နောက်ဆက်တွဲ(ခ)**

## ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မြေဆီလွှာစိုစွတ်မှုအခြေအနေ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မိုးရေချိန် | ဖြစ်နိုင်စွမ်း ပင်ငွေ့ ရေငွေ့ ပျံနှုန်း | အမှန် ပင်ငွေ့ ရေငွေ့ ပျံနှုန်း | မြေဆီလွှာစိုစွတ်မှု အခြေအနေ(မမ) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | (မမ) | (မမ) | (မမ) | စုဆောင်း | ပိုရေ | လိုရေ | |
| ၁။ | ကချင်ပြည်နယ် | ၀ | ၄၁ | ၄၁ | ၅၉ | ၀ | ၀ | စိုစွတ် |
| ၂။ | ချင်းပြည်နယ် | ၂၂ | ၂၄ | ၂၄ | ၉၈ | ၀ | ၀ | ပြည့်ဝ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | ၁၅ | ၂၉ | ၂၉ | ၀ | ၀ | ၀ | ခြောက်သွေ့ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | ၆၀ | ၂၈ | ၂၈ | ၁၀၀ | ၂၉ | ၀ | ပြည့်ဝ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ၉ | ၃၂ | ၃၂ | ၃၄ | ၀ | ၀ | ခြောက်သွေ့ |
| ၆။ | ကယားပြည်နယ် | ၄၁ | ၃၁ | ၃၁ | ၁၀၀ | ၂ | ၀ | ပြည့်ဝ |
| ၇။ | ကရင်ပြည်နယ် | ၃၈ | ၄၀ | ၄၀ | ၇၉ | ၀ | ၀ | စိုစွတ် |
| ၈။ | မွန်ပြည်နယ် | ၁၀ | ၃၇ | ၃၇ | ၄၁ | ၀ | ၀ | စိုစွတ် |
| ၉။ | ရခိုင်ပြည်နယ် | ၃ | ၂၉ | ၂၉ | ၅၈ | ၀ | ၀ | စိုစွတ် |
| ၁၀။ | နေပြည်တော် | ၄၇ | ၃၅ | ၃၅ | ၈၅ | ၀ | ၀ | ပြည့်ဝ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၁၁ | ၃၄ | ၃၄ | ၄၃ | ၀ | ၀ | စိုစွတ် |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ၀ | ၃၈ | ၃၈ | ၆၂ | ၀ | ၀ | စိုစွတ် |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | ၅ | ၃၄ | ၃၄ | ၆၇ | ၀ | ၀ | စိုစွတ် |
| ၁၄။ | မကွေးတိုင်းဒေသကြီး | ၆၆ | ၃၇ | ၃၇ | ၉၇ | ၀ | ၀ | ပြည့်ဝ |
| ၁၅၊ | ပဲခူးတိုင်းဒေသကြီး(တောင်) | ၈၇ | ၃၁ | ၃၁ | ၁၀၀ | ၃၆ | ၀ | ပြည့်ဝ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၃၅ | ၃၂ | ၃၂ | ၉၅ | ၀ | ၀ | ပြည့်ဝ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၁၅ | ၃၁ | ၃၁ | ၇၄ | ၀ | ၀ | စိုစွတ် |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ၉၂ | ၃၅ | ၃၅ | ၁၀၀ | ၂၄ | ၀ | ပြည့်ဝ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ၂၆ | ၃၇ | ၃၇ | ၆၇ | ၀ | ၀ | စိုစွတ် |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ၈၃ | ၃၅ | ၃၅ | ၁၀၀ | ၂၇ | ၀ | ပြည့်ဝ |

**(ဖြစ်နိုင်စွမ်း ပင်ငွေ့ရေငွေ့ပျံနှုန်းအား HARGREAVES METHOD ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။)**

**နောက်ဆက်တွဲ(ဂ)**

## ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသ (ပျမ်းမျှ) အချက်အလက်ခန့်မှန်းချက်များ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | အမြင့်ဆုံး အပူချိန် | အနိမ့်ဆုံး အပူချိန် | ပျမ်းမျှ အပူချိန် | စိုထိုင်းဆ | ပင်ငွေ့ ရေငွေ့ ပျံနှုန်း |
|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ပျမ်းမျှ (%) | (မမ/၁၀-ရက်) |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၈၇ | ၆၈ | ၇၇ | ၈၂ | ၃၁ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၇၀ | ၅၂ | ၆၁ | ၉၅ | ၁၇ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | ၈၄ | ၆၄ | ၇၄ | ၈၅ | ၃၀ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | ၇၇ | ၆၀ | ၆၉ | ၇၇ | ၃၀ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | ၈၃ | ၆၄ | ၇၃ | ၈၄ | ၃၁ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၈၃ | ၆၅ | ၇၄ | ၈၄ | ၃၀ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၉၄ | ၇၄ | ၈၄ | ၇၉ | ၄၁ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၉၂ | ၇၅ | ၈၃ | ၇၄ | ၄၁ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၈၉ | ၇၃ | ၈၁ | ၈၆ | ၃၀ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၉၁ | ၇၂ | ၈၂ | ၈၂ | ၃၆ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၉၁ | ၇၄ | ၈၃ | ၈၁ | ၃၄ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး (အထက်) | ဟုမ္မလင်း | ၈၇ | ၆၈ | ၇၈ | ၈၇ | ၃၀ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး (အောက်) | မုံရွာ | ၉၀ | ၇၃ | ၈၁ | ၈၄ | ၃၂ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၉၂ | ၇၁ | ၈၁ | ၈၂ | ၃၇ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၉၁ | ၇၃ | ၈၂ | ၈၃ | ၃၅ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၉၁ | ၇၃ | ၈၂ | ၈၄ | ၃၄ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၉၃ | ၇၅ | ၈၄ | ၈၂ | ၃၆ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၉၂ | ၇၃ | ၈၂ | ၈၁ | ၃၈ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၉၁ | ၇၄ | ၈၃ | ၈၃ | ၃၄ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၉၁ | ၇၂ | ၈၁ | ၈၀ | ၄၀ |